# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 26 , 2023 Volume 62, Number 18


၂၆.၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၆ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၄၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၈.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၀.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၁.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၉၁.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၇၀.၂၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၄.၆၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၀၉၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## အိန္ဒိယနိုင်ငံ၏ ရတနာဈေးကွက်သို့ မြန်မာနိုင်ငံ၏ အရည်အသွေးမြင့် တောင်ပင်လယ်ပုလဲ မိတ်ဆက်ပြသ


https://www.popularmyanmar.com/?p=100514

အိန္ဒိယနိုင်ငံ၏ ရတနာဈေးကွက်သို့ မြန်မာနိုင်ငံ၏ အရည်အသွေးမြင့် တောင်ပင်လယ်ပုလဲ (South Sea Pearl) များကို မိတ်ဆက်နိုင်ရေး အတွက် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၊ မြန်မာ သံရုံးတွင် "မြန်မာ့ပုလဲမိတ်ဆက်ပြသပွဲ" အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

နယူးဒေလီမြို့ရှိ မြန်မာသံရုံးတွင် ဇန်နဝါရီလ ၂၄ ရက်က "မြန်မာ့ပုလဲ မိတ်ဆက်ပြသပွဲ" အား ကျင်းပခဲ့ခြင်းဖြစ်ပြီး နယူးဒေလီမြို့ရှိ အိန္ဒိယနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် ဇနီးများ၊ သံတမန်များ၊ အိန္ဒိယ ကျောက်မျက်ရတနာ ကုန်သည်များ၊ လုပ်ငန်းရှင်များ၊ India Chamber of Commerce ၊ India Economic Trade Council (IETO)၊ India ASEAN Trade Council အစရှိသည့် အိန္ဒိယနိုင်ငံ၏ ကုန်သွယ်ရေးနှင့် စီးပွားရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများမှ စိတ်ဝင်တစား လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်ဟု သိရသည်။

အိန္ဒိယနိုင်ငံ၏ ရတနာဈေးကွက်သို့ မြန်မာနိုင်ငံ၏ အရည်အသွေးမြင့် တောင်ပင်လယ်ပုလဲ (South Sea Pearl) များကို မိတ်ဆက်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးငွေအောင်မှ မြန်မာ့ပုလဲနှင့်ပတ်သက်၍ ရှင်းလင်း မိတ်ဆက်ခဲ့သည်။

အဆိုပါပြပွဲအတွင်း မြန်မာ့တောင်ပင်လယ်ပုလဲ မိတ်ဆက်ဗွီဒီယိုကိုပြသခဲ့ပြီး မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး နှင့် ကိုယ်စားလှယ်အဖွဲ့က ပြပွဲတက်ရောက်သူများ၏ သိရှိလိုသည်များကို ရှင်းလင်း ဖြေကြားပေးခဲ့ကြသည်။

**Source:** https://www.popularmyanmar.com/?p=100514

## မော်လမြိုင်ကုန်စည်ဒိုင် ဈေးနှုန်းဈေးကွက်

၂၀၂၃ ဇန်နဝါရီ ၂၄ ၊ မော်လမြိုင်ကုန်စည်ဒိုင်၏ ကုန်ဈေးနှုန်းပေါက်ဈေးမှာ ရော်ဘာ RSS-3 မှိုင်းခံပြား တစ်ပေါင် ကျပ် ၁၃၄၀၊ နေလှန်း တစ်ပေါင် ကျပ် ၁၃၂၀ ကျပ်၊ ၁၀၈ ပေါင် ဆန်တစ်အိတ် (အနိမ့်)ဈေးနှုန်း ညှော့မထ ကျပ် ၄၂၅၀၀၀၊ ပေါ်ကွဲ ကျပ် ၄၉၀၀၀၀၊ ပေါ်ဆန်းမွှေး ကျပ် ၅၇၀၀၀၀၊ ၂၀ ပိဿာဝင် ပဲတစ်တင်းဈေးနှုန်း

ပဲတီစိမ်း ကျပ် ၄၁၀၀၀၊ မတ်ပဲ ကျပ် ၅၄၅၀၀၊ ပဲလွန်းဖြူ ကျပ် ၄၀၀၀၀၊ ဘိုကိတ် ကျပ် ၄၁၅၀၀၊ ပဲပုတ် ကျပ် ၅၄၇၀၀၊ မြေပဲ ကျပ် ၁၁၆၀၀၀၊ သစ်သီးဝလံတွင် ပန်းရောင်ကျွဲကောသီး ကျပ် ၆၀၀ မှ ၁၈၀၀၊ ကျွဲကောသီးအဖြူ ကျပ် ၆၀၀ မှ ၁၀၀၀၊ ရေထွက်ကုန် တစ်ပိဿာ ဈေးနှုန်း ငါးဒန် ကျပ် ၃၃၀၀၊ ငါးသလောက် ကျပ် ၁၀၄၀၀၊ ငါးမြစ်ချင်း ကျပ် ၅၂၀၀၊ တီလားဗီးရား ကျပ် ၈၆၀၀၊ ကင်းမွန်ကျပ် ၁၆၇၀၀ ၊ ကကတစ် ကျပ် ၁၅၅၀၀၊ ငါးပုတ်သင်(ငါးဗျက်) ကျပ် ၆၅၀၀၊ ပုဇွန်ပျော့ ကျပ် ၁၂၂၀၀ မှ ၁၇၀၀၀ နှင့် ရေချိုပုဇွန်ထုပ်(စိမ်း) ၂၀၀၀၀ မှ ၅၀၀၀၀ ကျပ် အသီးသီး ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ယခင်ပတ် ဇန် ၁၇ ရက်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ရော်ဘာ RSS-3 မှိုင်းခံပြား တစ်ပေါင် ၅၀ ကျပ်၊ နေလှန်းတစ်ပေါင် ၅၀ ကျပ် ဈေးနှုန်းမြင့်တက်နေပြီး ၁၀၈ ပေါင် ဆန်တစ်အိတ်ဈေးနှုန်းနှင့် သစ်သီးဝလံများ ဈေးနှုန်းတည်ငြိမ်နေကြောင်း၊ ၂၀ ပိဿာဝင် ပဲတစ်တင်းဈေးနှုန်းတွင် ပဲတီစိမ်းနှင့်မတ်ပဲဈေးနှုန်းမပြောင်းသော်လည်း ပဲလွန်းဖြူတစ်တင်း ၁၅၀၀ ကျပ် ဘိုကိတ် ၅၀၀ ကျပ်၊ မြေပဲ ၂၀၀၀ ကျပ် ဈေးတက်နေပြီး ပဲပုတ် ၃၀၀ ကျပ် ဈေးကျနေကြောင်းနှင့် ရေထွက်ကုန်များဈေးနှုန်း မပြောင်းဘဲတည်ငြိမ်နေကြောင်း မော်လမြိုင်ကုန်စည်ဒိုင်မှ သတင်းရရှိပါသည်။

**Source: ရာမညကုန်သွယ်မှုဇဟိုဌာန**

## ပြည်ပနိုင်ငံများမှ ဆန်သွင်းကုန်ကို မှီခိုရန်မလိုတော့သည့် နီပေါနိုင်ငံ

ပြီးခဲ့သည့်နှစ်မှစ၍ အိန္ဒိယနိုင်ငံသည် ပြည်တွင်းဆန်လိုအပ်မှု ပြည့်ဝစေရန်နှင့် ဈေးကွက်ပေါက်ဈေး မြင့်တက်မှုကို ထိန်းချုပ်ရန်အတွက် ဆန်ကွဲတင်ပို့မှုကို တားမြစ်ခြင်း၊ ဆန်အမျိုးမျိုးတင်ပို့မှုအပေါ် အကောက်ခွန် (၂၀) ရာခိုင်နှုန်း ချမှတ်ခြင်း တို့ကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ တင်းကျပ်လာမှုများကြောင့် ဆန်သွင်းကုန်ကို အလွန်အကျွံမှီခိုနေရသည့် နီပေါဈေးကွက်တွင် စားနပ်ရိက္ခာ ဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး ဆန်များကို လုံလောက်ပြည့်မီအောင် ထုတ်လုပ်ထားသော်လည်း နိုင်ငံတွင်း ဝယ်လိုအား များသောကြောင့် လုံလောက်မှုမရှိကြောင်း The Annapurna Express သတင်းဌာနက ဖော်ပြထားသည်။

ထို့ပြင် ပြည်တွင်း ကုန်ဈေးနှုန်းများသည်လည်း ယခင်နှစ်ကထက် (၃) ရာခိုင်နှုန်းနီးပါး သိသိသာသာထိုးတက်ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလလယ်တွင် ဆန်အပါအဝင် သီးနှံထွက်ကုန်များ၏ ဈေးနှုန်းသည် (၉) ရာခိုင်နှုန်းထိ တစ်ရှိန်ထိုးတက်ခဲ့ကြောင်းသိရသည်။

အိန္ဒိယနိုင်ငံ၏ ကန့်သတ်ချက်များကြောင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမငါးလအတွင်းတွင် ဆန်နှင့် သီးနှံထွက်ကုန်များ တင်သွင်းမှုသည် (၄၀.၂) ရာခိုင်နှုန်း ( ရူပီး ၂၀.၃၁ ဘီလီယံ ) အထိ သိသိသာသာ ကျဆင်းလာခဲ့ပြီး လက်ရှိ ဘဏ္ဍာနှစ်၏ ပထမလေးလအတွင်း ဆန်နှင့် စပါးတင်သွင်းမှုသည် (၄၉.၇) ရာခိုင်နှုန်း (ရူပီး ၆.၆၈ ဘီလီယံ ) အထိ ကျဆင်းသွားသည်။

နီပေါနိုင်ငံသားများအနေဖြင့် ဆန်တစ်မျိုးတည်းကိုသာ စားသုံးမည်ဆိုပါက ယခုဘဏ္ဍာနှစ်အတွက် ဆန်တန်ချိန်ပေါင်း ၅၅၀,၀၀၀ လိုအပ်မည်ဖြစ်ကာ အခြားသီးနှံ ထွက်ကုန်များကိုလည်း အဓိကအစားအစာအဖြစ် စားသုံးပါက နိုင်ငံအတွင်း စားနပ်ရိက္ခာ ပြတ်လပ်မှုမရှိနိုင်ကြောင်းကို စိုက်ပျိုးရေးဝန်ကြီးဌာန လက်အောက်ရှိ စိုက်ပျိုးရေးခေတ်မီရေးအစီအစဉ် အကြီးတန်း စောင့်ကြည့်အကဲဖြတ်ရေးအရာရှိ Hikmat Kumar Shrestha က ပြောကြားခဲ့သည်။

လက်ရှိတွင် နိုင်ငံ့လူဦးရေအတွက် ဆန်အလုံအလောက် ထုတ်လုပ်ထားပြီး ပြည်ပနိုင်ငံများမှ တင်သွင်းမှုကို လျှော့ချခြင်း ကြောင့် ယခုဘဏ္ဍာရေးနှစ်တွင် နိုင်ငံတစ်ဝန်း စပါးထွက်ရှိမှုသည် (၆.၉၄) ရာခိုင်နှုန်း (တန်သန်းပေါင်း ၅.၄၈) အထိ မြင့်တက်လာပြီး မိုးရာသီနှင့် ခြောက်သွေ့ရာသီ နှစ်မျိုးလုံးအတွက် ဖူလုံနိုင်ကြောင်းဆိုသည်။

သို့ရာတွင် နီပေါနိုင်ငံ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏အဆိုအရ စုစုပေါင်းဆန်ထွက်ရှိမှု၏ (၇၀) ရာခိုင်နှုန်းခန့်သည် နိုင်ငံအတွင်း စားသုံးရန်အတွက် မသင့်လျော်သည့် ဆန်ကြမ်းအမျိုးအစားများသာဖြစ်သည်။

နီပေါနိုင်ငံ၏ ဝင်ငွေတိုးမြင့်လာမှုနှင့် နေ့စဉ် စားသုံးမှုပုံစံပြောင်းလဲလာမှုကြောင့် ဒေသခံလူအများစုသည် ဆန်လုံးရှည်မျိုးများကို ပိုကြိုက်ကြသည့်အတွက် နိုင်ငံအနေဖြင့် လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း ဆန်လုံးရှည် သွင်းကုန် အပေါ် အမှီပြုလာရသည်။

လယ်သမားများက ဆန်လုံးရှည်ဆန် စိုက်ပျိုးရခြင်းသည် ဆန်ကြမ်းကဲ့သို့ အထွက်နှုန်းမကောင်းသောကြောင့် မစိုက်ပျိုးလိုပေ။ ထို့ကြောင့် အိန္ဒိယမှ ယင်းဆန်များကို ပိုမိုတင်သွင်းခဲ့ရပြီး ယခုကဲ့သို့ တင်းကျပ်မှုများဖြစ်ပေါ်ခဲ့သည့်အတွက် နီပေါနိုင်ငံအစိုးရမှ မျိုးကောင်းမျိုးသန့် ဆန်လုံးရှည်ဆန်စိုက်ပျိုးရန် တိုက်တွန်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း Hikmat Kumar Shrestha က ပြောသည်။

Sunsari ခရိုင်၊ Duhabi တွင် ဆန်စက်တည်ထောင်ထားသည့် Buddha Air ပိုင်ရှင်ဖြစ်သူ Birendra Bahadur Basnet က လယ်သမားများအတွက် ဆန်လုံးရှည်ဆန် အစားထိုးစိုက်ပျိုးခြင်း မစတင်ခင် စပါးများကို အနိမ့်ဆုံးဈေးနှုန်းဖြင့် လာရောက်ဝယ်ယူပေးမည်ဟု ကတိပြုထားကြောင်းဆိုသည်။

လယ်ယာထွက်ကုန်ပစ္စည်း အများစုကို အိန္ဒိယမှ တင်သွင်းပြီး ယခင်နှစ်က သွင်းကုန်အများအပြားတင်သွင်းခဲ့မှုကြောင့် နိုင်ငံတွင်း အရန်သိမ်းဆည်းထားသော နိုင်ငံခြားသုံးငွေများကို ထုတ်သုံးခဲ့ရသဖြင့် သီရိလင်္ကာအနေအထားသို့ ရောက်သွားနိုင်သည့်အတွက် စိုးရိမ်မှုများ မြင့်တက်လျက်ရှိကြောင်း လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုနှင့်တင်သွင်းမှု အဆင့်အတန်းလေ့လာမှုစာစောင်တစ်ခုတွင် ဖော်ပြထားသည်။

အိန္ဒိယမှ ဆန်တင်ပို့မှုဆိုင်ရာ ကန့်သတ်ချက်များ ချမှတ်ချလိုက်ခြင်းသည် တစ်ဖက်မှကြည့်လျှင် ပြည်တွင်းထုတ်ကုန်များနှင့် ထုတ်လုပ်မှုကိုမြှင့်တင်ရန် အခွင့်အလမ်းတစ်ခုအဖြစ်ယူဆနိုင်ပြီး ရရှိလာသည့်အခွင့်အရေးကို အကျိုးရှိရှိအသုံးချသင့်ကြောင်းကို နီပေါနိုင်ငံ Rastra ဘဏ်၏ အကြီးတန်းအရာရှိတစ်ဦးကပြောသည်။

**Source : The Annapurna Express**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5676-nepal-becomes-self-reliant-on-fine-rice-production.html

## ယခုဘဏ္ဍာနှစ်ကိုးလကျော်ကာလအတွင်း ပြည်ပသို့စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော်ရရှိထား

ယခုဘဏ္ဍာနှစ် ကိုးလကျော်ကာလအတွင်း ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော်ရရှိ ထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက် မှ ဇန်နဝါရီ ၆ ရက်အထိ ပြည်ပသို့ စက်မှု ကုန်ချောတင်ပို့မှုအနေဖြင့် နိုင်ငံပိုင်မှ အမေရိကန် ဒေါ်လာ ၃၀၈၁ ဒသမ ၀၆၇ သန်းရရှိပြီး ပုဂ္ဂလိကပိုင်မှ အမေရိကန် ဒေါ်လာ ၅၆၀၁ ဒသမ ၈၈၃ သန်းရရှိသည့်အတွက် စုစုပေါင်း အမေရိကန် ဒေါ်လာ ၈၆၈၂ ဒသမ ၉၅ သန်းရရှိသည်။

ယခင်နှစ်ကာလတူအချိန်က ပြည်ပသို့ စက်မှုကုန်ချောပစ္စည်း တင်ပို့မှုအနေဖြင့် နိုင်ငံပိုင်မှ အမေရိကန်ဒေါ်လာ ၂၄၆၅ ဒသမ ၆၆၅ သန်းရရှိခဲ့ပြီး ပုဂ္ဂလိကပိုင်မှ အမေရိကန်ဒေါ်လာ ၄၁၀၅ ဒသမ ၅၈၃ သန်းရရှိသည့်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၅၇၁ ဒသမ ၂၄၈ သန်းရရှိခဲ့ရာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇန်နဝါရီ ၆ ရက်အထိနှင့် ယခင်ကာလတူ နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၂၁၁၁ ဒသမ ၇၀၂ သန်း ပိုမိုရရှိကြောင်း သိရသည်။

ပြည်ပသို့ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် တခြားပို့ကုန်များတင်ပို့ရာ ပို့ကုန်တင်ပို့မှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၇၅၁ ဒသမ ၂၃၄ သန်းရရှိခဲ့ရာ ယင်းပို့ကုန် များထဲတွင် စက်မှုကုန်ချောတင်ပို့မှုမှ အများဆုံးရရှိခြင်း ဖြစ်သည်။

ထို့ပြင် အဓိကပို့ကုန် စက်မှုကုန်ချောဖြစ်သော ချုပ်ပြီးအထည်တင်ပို့မှုသည် ပို့ကုန်တင်ပို့မှုများအနက် အများဆုံးဖြစ်ပြီး သကြား၊ လက်ဝတ်ရတနာနှင့် သဘာဝ ဓာတ်ငွေ့စသည်တို့ကိုလည်း တင်ပို့ကြောင်း သိရသည်။

ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP တို့ကိုလည်း တင်သွင်းကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/35872

## ဥရောပသမဂ္ဂအပါအဝင် ပြည်ပပို့မယ့် Hass အမျိုးအစား ထောပတ်သီး စိုက်ဧက ၃၀၀ အတွက် Global GAP လက်မှတ်ရရှိရန် နမူနာအသီးများပေးပို့ကာ ဓာတ်ခွဲစစ်ဆေးနေ




လက်ရှိအချိန်တွင် မြန်မာ့ထောပတ်သီးများကို ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနေရသော်လည်း ကိုဗစ်-၁၉ အခြေအနေအရ ပြည်တွင်းပြည်ပခရီးသွားများ ရပ်တန့်ထားမှုကြောင့် စားသုံးမှုနှုန်း ကျဆင်းနေသည့်အတွက် ကိုဗစ်အလွန်ကာလမှာ မြန်မာ့ထောပတ်သီးကို ထုတ်ကုန်အသွင်သစ်တမျိုးနဲ့ ဈေးကွက်အတွင်း ထိုးဖောက်နိုင်ဖို့ ကြိုးစားနေပါတယ်။

ထို့အပြင် ကိုဗစ်-၁၉ အလွန်တွင် ထောပတ်သီး စိုက်ပျိုးသူများအတွက် GAP စနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်နိုင်ရန် နည်းပညာရပ်များ၊ တန်ဖိုးမြင့်ထုတ်ကုန်များမှ ထောပတ်သီးနှင့် ဟင်းပွဲပြင်သည့်နည်းပညာများ၊ ထောပတ်သီးအဆီမှ အလှကုန်ပစ္စည်းများ ထုတ်မယ့်နည်းပညာများကို ကျယ်ကျယ်ပြန့် ပြန့် သင်တန်းတွေလည်း ပေးနေပါတယ်။

ယခုတွင်တော့ ပြင်ဦးလွင်မြို့ကထွက်ရှိတဲ့ Hass အမျိုးအစား ထောပတ်သီး စိုက်ဧက ၃၀၀ က ထွက်ရှိမယ့် ထောပတ်သီးများကို ဥရောပသမဂ္ဂအပါအဝင် ပြည်ပနိုင်ငံများသို့တင်ပို့နိုင်ရန် ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများစနစ် (Global GAP) လက်မှတ်ရရှိရန် ဆောင်ရွက်နေတယ်လို့ သိရှိရပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ စီးပွားဖြစ်စိုက်ပျိုးနေတဲ့ Hass အမျိုးအစား ထောပတ်သီးများဟာ ၂၀၁၈ ခုနှစ်မှ စတင်၍ စီးပွားဖြစ်စိုက်ပျိုးလာပြီး တစ်နှစ်ထက်တစ်နှစ်တိုးချဲ့လာရာ လက်ရှိတွင် စုစုပေါင်း ဧက (၁၅၀၀) ခန့်အထိ ရှိလာပြီဖြစ်တယ်လို့ သိရှိရပါတယ်။

ယင်းစိုက်ဧကများအနက်မှ ဧက ၃၀၀ ကို Global GAP လက်မှတ်ရရှိရန် ဆောင်ရွက်နေတာဖြစ်တယ်လို့ မန္တလေးတိုင်းဒေသကြီး ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးမျိုးညွန့်က နိုင်ငံပိုင်မီဒီယာနှင့် မေးမြန်းမှုတစ်ခုမှာ ပြောဆိုထားတာပါ။

ထောပတ်သီးများ နိုင်ငံတကာဈေးကွက်သို့ လွယ်ကူစွာတင်ပို့နိုင်စေရန်နှင့် စိုက်ပျိုးသူများ အကုန်အကျသက်သာစေရန် Control Union နှင့်ချိတ်ဆက်၍ လာမည့်ထောပတ်သီးရာသီတွင် Global GAP လက်မှတ်ရရှိရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယင်းလက်မှတ်ဟာ ထောပတ်သီးအတွက် တစ်ရာသီသာလျှောက်ခွင့်ပေးပြီး ယခု ဧက ၃၀၀ သာ လျှောက်ထားနိုင်ခြင်းမှာ ပြင်ဦးလွင်မှ စိုက်ဧကများ စိုက်ပျိုးချိန် အနည်းငယ်နောက်ကျသွားလို့ အသီးထွက်နည်းခြင်းကြောင့်၊ ဝယ်သူဘက်က များများမယူပေးနိုင်ခြင်းကြောင့်ဖြစ်တယ်လို့လည်း မန္တလေးတိုင်း ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရှိရပါတယ်။

ယင်းသို့ Global GAP လက်မှတ်ရရှိရန် လျှောက်ထားရာတွင် ခြံထွက် အသီးနမူနာများကို ပြီးခဲ့တဲ့နှစ် စက်တင်ဘာလမှ စတင်တင်ပေးပို့လျက်ရှိရာ ဓာတ်ခွဲစစ်ဆေးမှုများပြုလုပ်ပြီး အောင်မြင်ပါက လက်မှတ်များထုတ်ပေး၍ ဥရောပသမဂ္ဂအပါအဝင် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်တော့မှာဖြစ်တယ်လို့ သိရှိရပါတယ်။

ပြည်တွင်း၌ ထောပတ်သီးများကို မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်စတဲ့ဒေသများတွင် စိုက်ပျိုးလျက်ရှိရာ ရှမ်းပြည် (တောင်ပိုင်း) တောင်ကြီး၊ ဟိုပုံး၊ ကျောက်တစ်လုံး၊ ဖယ်ခုံစတဲ့ မြို့နယ်များ၌ ၂၀၂၁-၂၂ ခုနှစ်က ထောပတ်သီးစိုက်ပျိုးသူ ၃၆ ဦး၏ ထောပတ်ခြံ ဧက ၅၀၀ ခန့် Global GAP လက်မှတ်ရရှိထားပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက သက်တမ်းကုန်ဆုံးခဲ့တယ်လို့လည်း သိရှိရပါတယ်။

ပြည်ပဈေးကွက်အနေဖြင့် မြန်မာ့ထောပတ်သီးသုံးမျိုးကို ဒေသတွင်း နိုင်ငံအချို့နှင့် ဥရောပနိုင်ငံအချို့သို့ ၂၀၂၀ ခုနှစ်အတွင်းက စတင်ရောင်းချထားပြီး လက်ရှိတွင် ထိုင်းနိုင်ငံသို့ ပုံမှန်တင်ပို့ရောင်းချနေပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၀ ခုနှစ် စက်တင်ဘာလအတွင်းက အင်္ဂလန်နိုင်ငံကို ပထမအကြိမ် ထောပတ်သီးစမ်းသပ်တင်ပို့ရာမှာ အောင်မြင်မှုရှိခဲ့ပြီး၊ ဒုတိယအကြိမ်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှာ တင်ပို့ဖို့စီစဉ်ခဲ့ပေမယ့် တင်ပို့နိုင်ခြင်းမရှိခဲ့ပါဘူး။

လက်ရှိ ဈေးကွက်အတွင်းမှာ မြန်မာ့ထောပတ်သီးကို အမျိုးအစားအလိုက် ကျပ် (၈၀၀) မှ (၁,၀၀၀) အထိ ရောင်းချလျက်ရှိသလို ပြည်တွင်းဈေးကွက်မှာ ထောပတ်သီးတန်ချိန် (၃,၀၀၀)ကို နှစ်စဉ်စားသုံးလျက်ရှိပြီး ခရီးသွားရာသီ၌ ထောပတ်သီးစားသုံးမှု ပိုမိုများပြားတယ်လို့ ကုန်သည်များထံက သိရှိရပါတယ်။

**ဤဆောင်းပါးကို MFN မှကူးယူဖော်ပြပါသည်။**

**https://t.me/htwettoe**

## မြန်မာနိုင်ငံ၌ ဆောင်းပြောင်းစိုက်ဧက လေးသိန်းဝန်းကျင်ရှိပြီး လက်ရှိပြောင်းဈေး အတက်ဘက်တွင်ရှိနေ

မြန်မာနိုင်ငံ၌ ဆောင်းပြောင်းစိုက်ဧက(၄)သိန်း ဝန်းကျင်ရှိပြီး လက်ရှိပြောင်းဈေး တက်ဘက်တွင်ရှိနေကြောင်း သိရသည်။ လက်ရှိကာလပြောင်းဈေးအခြေအနေမှာ မျှော်မှန်းထားသည်ထက်ပိုနေပြီး ထပ်တက်နိုင်သေးသည့် အလားအလာရှိသည်ဟု ယူဆရကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

"လက်ရှိပြောင်းဈေးက အတက်ဘက်မှာရောက်နေတယ်။ ပြီးခဲ့တဲ့လကထက်စာရင် (၁၅)ရာခိုင်နှုန်းလောက်တက်သွားတယ်။ ဝယ်လက်က ပြည်တွင်းကတော့ အစာစက်ပေါ့။ နိုင်ငံတကာကတော့ ထိုင်း၊ အိန္ဒိယ၊ တရုတ်၊ ဗီယက်နမ်နဲ့ ဖိလစ်ပိုင်ပေါ့။ အဓိကကတော့ ဝယ်လက်တိုးတာမဟုတ်ဘူး။ ကမ္ဘာ့ဈေးနှုန်းအပြောင်းအလဲနဲ့ ပြောင်းရှားပါးမှုကြောင့်ဖြစ်တာပါ။ ဒေသတွင်းနိုင်ငံတွေမှာ ပြောင်းထုတ်လုပ်မှုက တိုးမလာဘူး။ ဒါပေမယ့် သူတို့ရဲ့အသုံးက တိုးလာတယ်။ ကျွန်တော်တို့နိုင်ငံမှာက ထုတ်လုပ်မှု မတိုးပေမယ့် သုံးစွဲမှုက ပိုလျှံနေတာပေါ့။ ဒေသတွင်းနိုင်ငံတွေက လိုအပ်ချက်များလို့ Import လုပ်ရပြီး ကျွန်တော်တို့နိုင်ငံက ပိုလို့ Export လုပ်ရတယ်။ လိုအပ်ချက်ရှိနေတဲ့ တရုတ်ရော ထိုင်းရောက Border trade နယ်စပ်ကနေ အဝယ်ရှိတယ်။ ဗီယက်နမ်တို့ ဖိလစ်ပိုင်တို့ အိန္ဒိယတို့ကလည်း ပုံမှန်အတိုင်း Normal trade က ဝယ်နေတာပေါ့။ အဲတော့ ဝယ်လိုအားများတယ်။ ကမ္ဘာ့ပြောင်းဈေးနှုန်းကလည်း နည်းနည်းမြင့်လာတယ်။ အဲဒီအချက်အလက်တွေပေါင်းတော့ ဈေးကွက်ဈေးနှုန်းမြင့်လာတဲ့သဘောပေါ့။ အခုမြင့်နေတဲ့ဈေးနှုန်းက မျှော်မှန်းထားတာထက်ပိုလာတယ်လို့ပြောလို့ရတယ်။ ဒီအချိန်မှာ တစ်ပိဿာကို ၁၂၃၀ လောက်မှန်းထားတာ ၁၂၇၀၊ ၁၂၈၀ လောက်ထိဖြစ်သွားတယ်။ ထပ်တက်နိုင်သေးတယ်လို့ယူဆရတယ်။ ဘယ်လောက်ထိတက်နိုင်လဲသာ ပြောလို့မရသေးတာ"ဟု မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း ဂုဏ်ထူးဆောင်နာယက ဦးမင်းခိုင်က ပြောကြားသည်။

"ဈေးနှုန်းက ဒီအချိန်မှာ ဒီလိုဖြစ်တဲ့အတွက် ဆောင်းပြောင်းစိုက်တောင်သူတွေအတွက် အဆင်ပြေတယ်။ အခုအချိန်က ကုန်သည်ပွဲစားလက်ကို မရောက်သွားသေးဘူး။ တောင်သူလက်ထဲမှာပဲ ရှိသေးတယ်။ ဆောင်းပြောင်းက တချို့နေရာမှာ နည်းနည်းစပေါ်နေပြီ။ ဖေဖော်ဝါရီလထဲမှာဆို ပေါ်တော့တယ်။ ဈေးကောင်းရတဲ့အချိန် တောင်သူလက်ထဲပစ္စည်းရှိတော့ ကောင်းတာပေါ့။ စိုက်ပျိုးထုတ်လုပ်တဲ့တောင်သူတွေ အတွက်အကျိုးရှိတယ်။ သဘာဝဘေးအန္တရာယ်က ဆောင်းပြောင်းမှာမရှိသလောက်ပဲ။ ပိုးမွှားကြောင့်လဲ သိသာတဲ့အခြေအနေမရှိဘူး။ ထိခိုက်နစ်နာလောက်အောင် ပျက်စီးမှုတွေတွေ့မထားဘူး။ တောင်သူတွေကို ပြောချင်တာက နောက်လမှာစပြီး ရိတ်သိမ်းကြတော့မှာဖြစ်တဲ့အတွက် ကိုယ့်ပစ္စည်းရဲ့ အရည်အသွေးကို ထိန်းသိမ်းဖို့ပေါ့။ အဓိကကတော့ ကြုံသလိုမလုပ်ဘဲ အစိုတွေမရောင်းဘဲ တတ်နိုင်သမျှ အရည်အသွေးကောင်းကောင်းလေးဖြစ်အောင် အခြောက်ခံတဲ့အခါ သေချာထိန်းသိမ်းထားပြီးတော့ ဈေးအမြင့်ဆုံးကို စိတ်ရှည်လက်ရှည်စောင့်ရောင်းနိုင်ရင် ပိုအကျိုးရှိနိုင်ပါတယ်"ဟု ဦးမင်းခိုင်က ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ၌ ဆောင်းပြောင်းစိုက်ပျိုးမှုသည်တစ်နိုင်ငံလုံးပြောင်းစိုက်ပျိုးမှု၏ ၂၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။ လက်ရှိတွင် ဆောင်းပြောင်းကို ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းနှင့် နေပြည်တော်ဝန်းကျင်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/243540

## ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံနီအားလုံး အတက်ဈေးများတွင်ရှိနေ

မတ်ပဲ၊ ပဲစင်းငုံနီ၊ ပဲတီစိမ်းတွေဟာ ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ဈေးကွက်အားလုံးနီးပါးမှာ ဈေးတွေတက်လာပါတယ်။ သိသိသာသာပြန်တက်လာတာကတော့ အကျဘက်ကိုရောက်နေတဲ့ မတ်ပဲဈေးတွေဖြစ်ပြီး ဒီတစ်ပတ် တနင်္လာဈေးအဖွင့်ကစလို့ ဆက်တိုက်ဈေးတက်လာတာဟာ ဒီနေ့(ဇန်နဝါရီ ၂၅) မှာတော့ ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ(FAQ/RC – 2022) ဟာ တစ်တန်ကို ၁၆၉၀၀၀၀ ကျပ် (တစ်တင်း ၅၄၃၄၀ ကျပ်) ထိ ဈေးပြန်ဖြစ်လာပါတယ်။ မတ်ပဲ(SQ/RC – 2022) ကလည်း တစ်တန်ကို ၁၉၂၀၀၀၀ ကျပ် (တစ်တင်း ၆၁၇၃၀ ကျပ်) ထိ ဈေးပြန်တက်လာတာဖြစ်ပါတယ်။

အခြားဈေးကွက်တွေဖြစ်တဲ့ မန္တလေး၊ မကွေး၊ ပဲခူး ဈေးကွက်တွေအားလုံးမှာလည်း ဈေးတွေအနည်းငယ်စီ တက်လာတာဖြစ်ပါတယ်။ ဈေးဦးမော့နေတဲ့ ပဲစင်းငုံနီဈေးတွေကလည်း အတက်အကျအနည်းငယ်နဲ့ ငြိမ်နေခဲ့ရာကနေ ဒီတစ်ပတ်မှာတော့ အနည်းငယ်တက်ဈေးပြလာပါတယ်။

ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက် ပဲစင်းငုံနီဈေးတွေမှာတော့ ပဲစင်းငုံနီ (RC–2023)ကတော့ ဒီနေ့မှာ တစ်တန်ကို ၁၈၂၅၀၀၀ ကျပ် (တစ်တင်း ၅၈၆၈၀ ကျပ်) ဖြစ်လာပြီး အရင်တစ်ပတ် ဈေးအပိတ် ဇန်နဝါရီ ၂၀ ရက်နဲ့ယှဉ်ရင် တစ်တန် ကျပ် ၁၅၀၀၀ ဈေးတက်လာတာဖြစ်ပါတယ်။ ဒါပေမဲ့ မနေ့က ဇန်နဝါရီ ၂၄ ရက်နဲ့ယှဉ်ရင်တော့ ဒီနေ့မှာ တစ်တန်ကို ကျပ် ၂၅၀၀ ဈေးပြန်ကျသွားတာပါ။

မန္တလေးဈေးကွက်မှာတော့ ဈေးတက်တာမရှိဘဲ ငြိမ်နေပြီး မကွေး၊ ပဲခူးဈေးကွက်တွေမှာတော့ ဈေးတွေအသီးသီး တက်လာပါတယ်။

ပဲတီစိမ်းဈေးတွေဟာလည်း မန္တလေး၊ မကွေး၊ ပဲခူးဈေးကွက်တွေမှာ ဈေးတွေအသီးသီးတက်လာပြီး ရန်ကုန် ဘုရင့်နောင် ဈေးကွက်နဲ့ မွန်ဈေးကွက်တွေမှာတော့ အတက်အကျမရှိပါဘူး။ ဈေးတွေဘယ်လောက်ထိ တက်သွားတယ်ဆိုတာကိုတော့ အောက်ပါဇယားမှာ နှိုင်းယှဉ်ကြည့်ရှုနိုင်ပါတယ် –

(ပြီးခဲ့တဲ့ အပတ်သောကြာနေ့က ဥပုသ်နေ့ဖြစ်လို့ မန္တလေးနဲ့မကွေး ဈေးကွက်တွေမဖွင့်တာကြောင့် ဇန်နဝါရီ ၁၉ ရက်ဈေးတွေနဲ့ပဲ နှိုင်းယှဉ်ဖော်ပြပေးထားတာဖြစ်ပါတယ်။)

| အမျိုးအစား | ဈေးကွက် | ရေတွက်ပုံ | ၁၉.၁.၂၀၂၃ (ကျပ်) | ၂၀.၁.၂၀၂၃ (ကျပ်) | ၂၅.၁.၂၀၂၃ (ကျပ်) |
|---|---|---|---|---|---|
| မတ်ပဲ(FAQ/RC – 2022) | ရန်ကုန်(ဘုရင့်နောင်) | ၁ တန်(၃၃.၁ တင်းခန့်) | - | ၁၆၅၇၅၀၀ | ၁၆၉၀၀၀၀ |
| မတ်ပဲ(SQ/RC – 2022) | ရန်ကုန်(ဘုရင့်နောင်) | ၁ တန်(၃၃.၁ တင်းခန့်) | - | ၁၈၈၇၅၀၀ | ၁၉၂၀၀၀၀ |
| မတ်ပဲ(သစ်) | မန္တလေး | ၁ အိတ်(ပိဿာ ၆၀) | ၁၆၀၀၀၀ -၁၆၃၀၀၀ | - | ၁၆၅၀၀၀ -၁၆၇၀၀၀ |
| မတ်ပဲ | မကွေး | ၁ တင်း (ပိဿာ ၂၀) | - | ၅၃၀၀၀ | ၅၃၅၀၀ |
| မတ်ပဲ (သစ်) | ပဲခူး | ၁ တင်း (ပိဿာ ၂၀) | - | ၅၅၀၀၀ | ၅၅၅၀၀ |
| ပဲစင်းငုံနီ (RC – 2023) | ရန်ကုန်(ဘုရင့်နောင်) | ၁ တန်(၃၃.၁ တင်းခန့်) | - | ၁၈၁၀၀၀၀ | ၁၈၂၅၀၀၀ |
| ပဲစင်းငုံနီ (သစ်) | မန္တလေး | ၁ အိတ်(ပိဿာ ၆၀) | ၁၇၀၀၀၀ -၁၇၁၀၀၀ | - | ၁၇၀၀၀၀ -၁၇၁၀၀၀ |
| ပဲစင်းငုံနီ (၂၀၂၃) | မကွေး | ၁ တင်း (ပိဿာ ၂၀) | ၅၆၆၀၀ | - | ၅၇၅၀၀ |
| ပဲစင်းငုံနီ(သစ်) (၂၀၂၃) | မကွေး | ၁ တင်း (ပိဿာ ၂၀) | ၅၇၃၀၀ | - | ၅၇၅၀၀ |
| ပဲစင်းငုံနီ(သစ်) (၂၀၂၂) | ပဲခူး | ၁ တင်း (ပိဿာ ၂၀) | - | ၅၄၀၀၀ - ၅၅၀၀၀ | ၅၇၅၀၀ - ၅၅၀၀၀ |
| ပဲတီစိမ်း(ခရမ်းရွှေဝါ) | ရန်ကုန်(ဘုရင့်နောင်) | ၁ ပိဿာ | - | ၂၈၀၀ - ၂၉၂၀ | ၂၈၀၀ - ၂၉၂၀ |
| ပဲတီစိမ်း(ပဲခူးရွှေဝါ) | ရန်ကုန်(ဘုရင့်နောင်) | ၁ ပိဿာ | - | ၂၅၀၀ - ၂၉၅၀ | ၂၅၀၀ - ၂၉၅၀ |
| ပဲတီစိမ်း(ဝါးခယ်မ) | ရန်ကုန်(ဘုရင့်နောင်) | ၁ ပိဿာ | - | ၂၀၈၀ - ၂၄၂၀ | ၂၀၈၀ - ၂၄၂၀ |
| ပဲတီစိမ်း | မန္တလေး | ၁ အိတ်(ပိဿာ ၆၀) | ၁၃၅၀၀၀ -၁၈၅၀၀၀ | - | ၁၃၅၀၀၀ -၁၃၉၀၀၀ |
| ပဲတီစိမ်း | မကွေး | ၁ တင်း (ပိဿာ ၂၀) | - | ၄၇၅၀၀ - ၅၀၀၀၀ | ၅၂၀၀၀ |
| ပဲတီစိမ်း | ပဲခူး | ၁ တင်း (ပိဿာ ၂၀) | - | ၄၈၀၀၀ - ၄၈၅၀၀ | ၅၀၀၀၀ |
| ပဲတီစိမ်း (ရွှေဝါ) | မွန် | ၁ တင်း (ပိဿာ ၂၀) | - | ၄၁၀၀၀ | ၄၁၀၀၀ |

https://greenwaymyanmar.com/posts/Legumes_Market_Prices

ပဲစင်းငုံနီဈေးတွေတက်နေတာဟာ အိန္ဒိယအပြင် တရုတ်ဘက်ကပါ ဝယ်ယူမှုတွေ ရှိနေတာကြောင့်ဖြစ်ပြီး ပဲတီစိမ်းဈေးဟာလည်း တရုတ်နယ်စပ်ဂိတ်တွေ ပြန်ဖွင့်လာမှုနဲ့အတူ ဈေးကောင်းနေတာဖြစ်တယ်လို့ လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအေဂျင်စီ(AMIA) ရဲ့ ယခင်သတင်းပေးပို့ချက်တွေမှာ ဖော်ပြထားပါတယ်။

(လယ်ယာစိုက်ပျိုးရေးနှင့်ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများနှင့် သုံးသပ်ချက်ကို အခြေခံဖော်ပြခြင်း ဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Legumes_Market_Prices

## မုံရွာမြို့အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်း/ဈေးကွက်အခြေအနေ

မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျှက်ရှိသော လယ်ယာထွက်ကုန်သီးနှံများထဲမှ ပြောင်းနီဈေးငြိမ်၍ မတ်ပဲ၊ CPပြောင်းဖူးစေ့၊ ဆန်ပြောင်းဖြူ ပဲစင်းငုံ၊ ပဲတီစိမ်းကြီး၊ ပဲတီစိမ်းသေး ဈေးနှုန်းများဆက်လက်မြင့်တက်နေပြီး

ကုလားပဲဈေးနှုန်း အနည်းငယ်ကျဆင်းသွားပါသည်။ ယခု တစ်ပတ်အတွင်း သီးနှံများတစ်တင်းပေါက် ဈေးနှုန်းများမှာ ပဲစင်းငုံ (၅၇၀၀၀)ကျပ်၊ မတ်ပဲ (၅၃၅၀၀-၅၄၅၀၀)ကျပ်၊ ပဲတီစိမ်း(ကြီး) (၄၈၅၀၀)ကျပ်နှင့် ပဲတီစိမ်း(သေး) (၄၀၀၀၀)ကျပ် ပေါက်ဈေးရှိသည်။ ယခင်တစ်ပတ်အတွင်း ကာလတူပေါက်ဈေးနှုန်းများမှာ ပဲစင်းငုံတစ်တင်းလျှင် (၅၆၁၀၀)ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၅၄၀၀၀-၅၅၀၀၀)ကျပ်နှင့် ပဲတီစိမ်း (ကြီး) တစ်တင်းလျှင် (၄၇၀၀၀)ကျပ်၊ ပဲတီစိမ်း (သေး) (၃၇၅၀၀)ကျပ် ပေါက်ဈေးရှိ၍ ယခင် တစ်ပတ်အတွင်း ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက မတ်ပဲတစ်တင်းလျှင် (၅၀၀)ကျပ် ကျဆင်းနေပြီး၊ ပဲစင်းငုံတစ်တင်းလျှင် (၉၀၀)ကျပ်၊ ပဲတီစိမ်းကြီး တစ်တင်းလျှင် (၁၅၀၀)ကျပ်၊ ပဲတီစိမ်း (သေး) တစ်တင်း လျှင် (၂၅၀၀)ကျပ် နှုန်းမြင့်တက်နေကြောင်းသိရပါသည်။

ကုလားပဲ (မျိုးစုံ)ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး(သစ်) တစ်တင်းလျှင် (၆၀၅၀၀) ကျပ်၊ ကုလားပဲဖြူလုံးသေး(သစ်) (၆၀၅၀၀) ကျပ်၊ 929(သစ်) (၅၇၅၀၀)ကျပ် ပေါက်ဈေးရှိပြီး ယခင်ပတ်ကာလတူ ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး(သစ်) တစ်တင်းလျှင် (၅၉၅၀၀) ကျပ်၊ ကုလားပဲဖြူလုံးသေး (သစ်) (၅၉၅၀၀) ကျပ်၊ 929(သစ်) (၅၆၀၀၀) ကျပ် ပေါက်ဈေးရှိ၍ ယခင်ပတ်အတွင်းကာလတူပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက 929၊ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ ဖြူလုံးသေးဈေးနှုန်းမှာ အနည်းငယ်မြင့်တက်နေကြောင်းသိရသည်။ ပြောင်းနီတစ်တင်းလျှင် (၂၃၀၀၀) ကျပ်၊ CP ပြောင်းဖူးစေ့တစ်တင်းလျှင် (၂၁၇၀၀) ကျပ် ပေါက်ဈေးရှိသည်။ ယခင်အပတ် ကာလတူပေါက်ဈေးနှုန်းမှာ CP ပြောင်းဖူးစေ့ တစ်တင်းလျှင် (၂၁၃၀၀)ကျပ်၊ ပြောင်းနီတစ်တင်းလျှင် (၂၁၅၀၀)ကျပ် ရှိ၍ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ပြောင်းနီနှင့် CPပြောင်းဖူးစေ့ ဈေးနှုန်းများ အနည်းငယ်မြင့်တက်လာကြောင်းသိရပါသည်။

Source: ဇေယျာကုန်သွယ်မှုဗဟိုဌာန

## မန္တလေးကုန်စည်ဒိုင် ပြောင်းဖူးစေ့ ဈေးမြင့်လာ

ဇန္နဝါရီလ နောက်ဆုံးပတ် မန္တလေးကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ်ဘက်မှ ပြောင်းဖူးစေ့အသစ်များ ဝင်ရောက်နေသည်။ နယ်စပ်ဂိတ်များပြန်ဖွင့်၍ တရုတ်နယ်စပ်တင်ပို့မှုရှိခြင်း၊ ရန်ကုန်သင်္ဘောတင်ဝယ်လက်နှင့် တိရစ္ဆာန်အစာတောင့်စက်ရုံများမှ ဝယ်ယူလျက်ရှိခြင်းတို့ကြောင့် ပြောင်းဈေးမြင့်တက်လာကြောင်းသိရသည်။

**ရှမ်းပြောင်းဖူးစေ့** ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၆၄၀၀၀ မှ ၆၄၅၀၀၊ ယခင်တစ်ပတ် ကျပ် ၆၂၅၀၀ မှ ၆၃၀၀၀ ၊ ယခင်လ ကျပ် ၅၈၀၀၀ မှ ၅၉၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၅၀၀ ၊ ယခင်လထက် ကျပ် ၅၅၀၀ မှ ၆၀၀၀ မြင့်တက်လာသည်။

**စီပီပြောင်း** ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၆၄၀၀၀ မှ ၆၄၅၀၀၊ ယခင်တစ်ပတ် ကျပ် ၆၂၅၀၀ မှ ၆၃၀၀၀၊ ယခင်လ ကျပ် ၅၈၀၀၀ မှ ၅၉၀၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်လျှင် ယခင်တစ်ပတ်ထက်ကျပ် ၁၅၀၀ ၊ ယခင်လထက်ကျပ် ၅၅၀၀ မှ ၆၀၀၀ မြင့်တက်လာသည်။

**ဗမာပြောင်းဖူးစေ့** ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်း မှာ ယခုတစ်ပတ် ကျပ် ၆၁၅၀၀၊ ယခင်တစ်ပတ် ကျပ် ၆၁၀၀၀ မှ ၆၁၅၀၀၊ ယခင်လ ကျပ် ၅၇၀၀၀ မှ ၅၈၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၅၀၀ မှ ၁၀၀၀၊ ယခင်လ ထက်ကျပ် ၃၅၀၀ မှ ၄၅၀၀ မြင့်တက်လာသည်။

**Source: ရတနာပုံကုန်သွယ်မှုဗဟိုဌာန**

## STOCK EXCHANGE (26.1.2023)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Jan. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,999 (Shares) | 14,240,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 522 | 4,489,200 | 33,109,694 | 284,743 |
| MTSH | 00002 | 3,300 | +50 | +1.54% | 3,200 | 3,300 | 3,200 | 223 | 723,600 | 38,929,150 | 128,466 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 65 | 487,500 | 10,400,986 | 78,008 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 3,859 | 6,946,200 | 24,720,530 | 44,497 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 12,823,224 | 33,982 |
| EFR | 00006 | 2,600 | -50 | -1.89% | 2,600 | 2,600 | 2,600 | 10 | 26,000 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 320 | 1,568,000 | 10,497,598 | 51,438 |


### Market summary

As of 26th Jan. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 386.91 | +0.55 | +0.14% | 384.67 | 386.91 | 384.67 | 4,999 | 14,240,500 | 7 | 673,075 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 26th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 4,999 (Shares) | 14,240,500 (MMK) |

### Main Board

As of 1:00 pm, 26th Jan. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,999 (Shares) | 14,240,500 (MMK) |

| MYANPIX | 386.91 ▲ 0.55 |
|---|---|
| Total Volume (shares) | 4,999 |
| Total Value (MMK) | 14 mil |
| Listed Company | 7 |
| Market Cap. (MMK) | 673,075 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,600 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |